# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
# ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ်၊အီးအိုင်အေ-၂/သတ္တု(၁၉၁၉ /၂၀၁၉)
ရက်စွဲ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၂ ရက်

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

အကြောင်းအရာ။ အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဘဝပင်ကျေးရွာရှိ မြေဧရိယာ (၄၉)ဧက ကျယ်ဝန်းသော ရေပူတောင်လုပ်ကွက်တွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာ သတ္တု အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏ အတည်ပြုကြောင်းစာကို ထပ်ဆင့်ပေးပို့နိုင်ပါရန် အကြောင်းကြားခြင်း

ရည်ညွှန်းချက် ။
(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၂-၇-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၈၃၂/ ခဲဖြိုက်-အလတ်စား (အရှေ့တိုင်း)/ ၂၀၁၉
(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉-၈-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ)(၃၇၅၁/၂၀၁၉)

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဘဝပင်ကျေးရွာရှိ ရေပူတောင်လုပ်ကွက် အတွက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၁)ပါ စာဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၂)ပါ စာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားအပ်ပါသည်-

(က) အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ရေပူတောင်လုပ်ကွက် အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အတည်ပြုကြောင်း “ပူးတွဲပါစာ” အား အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ဆက်လက်ပေးပို့နိုင်ပါရန်၊